# အိမ်သုံးလျှပ်စစ်ပစ္စည်းသုံးစွဲမှုအန္တရာယ်ကင်းဝေးရလေအောင်

အိမ်သုံးလျှပ်စစ်ပစ္စည်း လျှပ်စစ်ဝါယာကြိုးသုံးစွဲမှုနှင့်ပတ်သက်၍ အန္တရာယ်ကင်းဝေးနိုင်ရန်နှင့် ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် စားသုံးသူများဘက်မှ နစ်နာမှုမရှိစေရန် အရည်အသွေးမီပစည်းများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စားသုံးသူတိုင်းသိထားသင့်သော လျှပ်စစ်ဆိုင်ရာအခြေခံအချက်အလက်များကို တင်ပြလိုပါတယ်။ စားသုံးသူတို့ နေအိမ်အဆောက်အဦနေရာများတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးသီး၊ မီးချောင်း၊ လေအေးပေးစက်၊ လျှပ်စစ်မီးဖို၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည်များ တပ်ဆင်ရာတွင် လျှပ်စစ်ဝါယာကြိုးများကို အသုံးပြုရပါတယ်။ လျှပ်စစ်ဝါယာများတွင် (Single Wire) တစ်ပင်သွားဝါယာ၊ (Twin Wire) နှစ်ပင်သွားဝါယာများ အသုံးပြုကြပါတယ်။ တစ်ပင်သွားဝါယာတွင် လျှပ်ကာတစ်ထပ်ပါသောဝါယာနှင့် လျှပ်ကာနှစ်ထပ်ပါသောဝါယာ စသည်ဖြင့် တွေ့ရပါတယ်။ နှစ်ပင်ပူးဝါယာတွင် ဝါယာတစ်ပင်စီတွင် လျှပ်ကာတစ်ထပ်စီပါပြီး ဝါယာနှစ်ပင်ပူးပေါ်တွင် လျှပ်ကာတစ်ထပ် ထပ်မံအုပ်ထားပါတယ်။ ဝါယာများကို ထုတ်လုပ်ရာတွင် သက်ဆိုင်ရာစနစ်၏ စံညွှန်းသတ်မှတ်ချက်များတွင်ပါဝင်သော အတိုင်းအတာသတ်မှတ်ချက်များနှင့်အညီ အရွယ်အစားအမျိုးမျိုးကို ထုတ်လုပ်ရပါတယ်။ စံညွှန်းသတ်မှတ်ရာတွင် ပါဝင်သော ကြေးနန်းမျှင်တစ်ခုစီ၏အချင်း၊ ဝါယာ၏ လျှပ်ကူးကြိုး၊ ထိပ်ဖြတ်ဧရိယာ၊ လျှပ်ကာ၏အထူ စသည့်အချက်များပေါ်မူတည်၍ ဝါယာအရွယ်အစားများ တစ်ခုနှင့်တစ်ခု လျှပ်စီးသယ်ဆောင်နိုင်မှုစွမ်းရည် ကွာခြားပါတယ်။ အရွယ်အစားသတ်မှတမှုများတွင် ဝါယာတွင်ပါဝင်သော ကြေးနန်းမျှင်အရေအတွက်နှင့် ကြေးနန်းမျှင် တစ်ခုစီ၏အချင်းကို လက်မအတိုင်းအတာဖြင့် ယှဉ်တွဲသတ်မှတ်သည့် ဗြိတိသျှစနစ်တွင် ထုတ်လုပ်သောအရွယ်အစားမှာ **3/.029,3/.036, 7/.029, 7/.036, 7/.044** စသည်တို့ဖြစ်ပြီး ပထမဂဏန်း **3,7** တို့သည် ဝါယာတွင်ပါဝင်သော ကြေးနန်းမျှင်အရေအတွက်ဖြစ်ပြီး မျဉ်းစောင်းနောက်ရှိ **.029, .036, .029, .036, .044** တို့သည် ကြေးနန်းမျှင်တစ်ခုစီ၏အချင်းကိုဖော်ပြသော လက်မဖြစ်ပါတယ်။ တခြားစနစ်မှာ ဝါယာ၏ထိပ်ဖြတ်ဧရိယာကို စတုရန်းမီလီမီတာဖြင့် သတ်မှတ်သည့် မက်ထရစ်စနစ်ဖြစ်ပြီး ထုတ်လုပ်သောအရွယ်အစားမှာ **1.5, 2.5, 4 , 6 mm$^2$** စသည်တို့ဖြစ်ပါတယ်။ ဈေးကွက်ထဲတွင် ပြည်တွင်း၊ ပြည်ပမှထုတ်လုပ်သော တံဆိပ်မျိုးစုံဖြင့် ဝါယာကြိုးများအရောင်းအဝယ်ပြုလုပ်၍ သုံးစွဲတပ်ဆင်နေကြပါတယ်။

စားသုံးသူတို့ ဝယ်ယူအသုံးပြုသော လျှပ်စစ်ဝါယာကြိုးများမှာ စံချိန်စံညွှန်းအတိုင်း ဝါယာကြိုးတွင် ရေးသားထားသော်လည်း တချို့မှာ ဝါယာ **Guage** မပြည့်ခြင်းအပြင် ကာဗာ **PVC** အညံ့စားများကို ထုတ်လုပ်ရောင်းချခြင်းများကိုလည်း တွေ့ရှိနိုင်ပါတယ်။ စံချိန်စံညွှန်းမကိုက်ညီသောဝါယာများကို ရွေးချယ်အသုံးပြုပါက ဝန်အားအပြည့် မသုံးစွဲနိုင်ခြင်း၊ အမ်ပီယာအပြည့်အဝမသုံးစွဲနိုင်ခြင်း၊ အပူလွန်ကဲပြီး မီးလောင်နိုင်သည့်အန္တရာယ်များဖြစ်ပေါ်လာနိုင်ပါတယ်။ ၄င်းအပြင် ဝါယာအမျှင်များကို **Copper** ပါဝင်မှုရာခိုင်နှုန်းအပြည့်ပြုလုပ်ရမည်ကို မလုပ်ဘဲ အခြားသတ္တုပစ္စည်းများနှင့် ရောစပ်၍ ပြုလုပ်ထားခြင်းကြောင့် ဝန်အပြည့်မသုံးစွဲနိုင်ဘဲ မီးလောင်နိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ စားသုံးသူများအနေဖြင့် ဝါယာဂိတ် ပြည့်/မပြည့်ကို ထုပ်ပိုးမှုအပေါ် ISO အမှတ်အသားကြည့်၍လည်းကောင်း၊ အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ပုံတွင်ပြထားသော ဝါယာဂိတ်တိုင်းနိုင်သည့် ပစ္စည်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးပြီးမှ ဝယ်ယူတပ်ဆင်ခြင်းသည် နောင်ဖြစ်လာမည့် အန္တရာယ်ကို ကာကွယ်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပါတယ်။

TTZ(သတင်းနည်းပညာ/အရည်အသွေး)